## မြင်တတ်ရင်ခွန်အားယူစရာ ဖြစ်မယ် (၅)

လွန်ခဲ့တဲ့ ၂၀၀၆ မေလတုန်းက အိမ်မဲမြို့ပေါ်မှာရှိတဲ့ မြန်မာနှစ်ခြင်းခရစ်ယာန် အသင်းကြီးရဲ့ ကျမ်းစာသင်တန်းမှာပါဝင်ခဲ့ဘူးတယ်။

အဲဒီနှစ်ခြင်းအသင်းတော်ထဲကို ဝင်လိုက်တာနဲ့ အလွန်ထူးခြားတဲ့မြင်ကွင်းနှစ်ခုကို တွေ့လိုက်ရတယ်။ အသင်းတော်ရဲ့ အတွင်းအလယ် ခုံလောက်မှာရပ်ပြီး ဘယ်ဘက်နံရံကို ခေါင်းမော့ကြည့်လိုက်ရင် အလွန်ကြီးတဲ့ နာရီကြီးတစ်လုံးနဲ့ ညာဘက်နံရံကိုကြည့်လိုက်ရင် သေးငယ်တဲ့နာရီတစ်လုံးကို တွေ့ရလိမ့်မယ်။

ဘာကြောင့် (၂) လုံးထားရသလဲ ဟုတ်လား၊ အေး... အဲဒါတော့ ကျုပ်မသိဘူး။ ကျုပ်သတိထားမိတဲ့အချက်ကတော့ ဘယ်ဘက် ကနာရီကြီးက အလုံးကြီးပေမယ့် စက်မရှိတဲ့နာရီ၊ လက်တံတွေကလည်းအသေကြီး။ ဘာမှအလုပ်မလုပ်ဘူး။ လူတွေကို အချိန်မှန်အောင်မပြနိုင်တဲ့ အရုပ်နာရီကြီး။

အေး...ဒါပေမဲ့ ညာဖက်နံရံမှာချိတ်ထားတဲ့ နာရီသေးသေးကတော့ စက်ရှိပြီးလက်တံတွေက လှုပ်ရှားနေတော့ လူတွေကိုအချိန်မှန်မှန် ပြနိုင်တယ်လေ။

အဲဒီမြင်ကွင်းက ဘာခွန်အားယူစရာ ဖြစ်စေသလဲ၊ ဟုတ်လား..သိပ်ရှိတာပေါ့။ အသင်းတော်ထဲမှာ၊ အဖွဲ့အစည်းကြီးတွေထဲမှာကြီးမားတဲ့ ရာထူးနေရာတွေ၊ ဘွဲ့ကြီးကြီးတွေ ယူထားပေမယ့် ကိုယ်တိုင်က ခရစ်တော်ပေးတဲ့ အသက်မရှိ လူတွေကိုလည်း ခရစ်တော်ရဲ့ ကယ်တင်ခြင်းကို မညွှန်ကြားမပြသနိုင်ဘူးဆိုရင် အဲဒီပုဂ္ဂိုလ်ကြီးဟာ အိမ်မဲမြန်မာနှစ်ခြင်းအသင်းတော်ကြီးရဲ့ ဘယ်ဘက်နံရံမှာ ကပ်ထားတဲ့ စက်မရှိတဲ့အရုပ်နာရီကြီးနဲ့ တူနေတာပေါ့။

အေး...ဒါပေမယ့်ဘွဲ့ ဒီဂရီတွေ၊ ရာထူးကြီးတွေ၊ နေရာတွေမရထားပေမယ့် ခရစ်တော်ပေးတဲ့အသက်ရပြီး အခြားလူတွေကိုလည်း ခရစ်တော်ရဲ့ကယ်တင်ခြင်း အကြောင်းကို ညွှန်ကြားပြသပေးတတ်သူ ကတော့ စက်ရှိပြီး အချိန်မှန်မှန်ပြသနေတဲ့ နာရီလေးနဲ့ တူနေတာပေါ့ကွာ။

အေး...မင်းမြင်ပြီလား

မြင်ပြီဆိုရင် ကိုယ့်ကိုယ်ကိုဆင်ခြင်၊ ဘယ်လိုနာရီနဲ့တူသလဲလို့။

***-ခင်မောင်မြင့်-***

---

## ကယ်တင်ပိုင်ရှင်ထံသို့

ကယ်တင်ပိုင်ရှင်ထံ ချဉ်းကပ်ဖို့ရာ ကျမ်းစာအားဖြင့် သမ္မာလမ်းထင်ရှား ... ဟုအစချီသော ဓမ္မသီချင်းနံပါတ် (၁၄၂) သည်ယုံကြည်သူများကို (၆၆) ခုမြောက်သော ဆာလံကျမ်းကို အခြေပြုလျက် နှိုးဆော်ချက်များ ပေးပါ၏။ ရိုးသောသံစဉ်၊ နားလည်လွယ်သော စာသားဖြင့် နှလုံးသည်းပွတ်ကို ဆွဲဆောင်နိုင်သော ဤသီချင်းနှင့် ပတ်သက်၍ အုတ်ကလန် မြို့မှ သင်းအုပ်ဆရာတစ်ပါးက သက်သေခံချက်တစ်ခု ရှိပါသည်။

နှစ်ပေါင်းများစွာ တရားဟောသော်လည်း ပြောင်းလဲလာသူမရှိ၍ စိတ်ဓါတ်ကျနေခဲ့သော် ဆရာသည် နောက်ဆုံးတစ်နေ့တွင် ဤသီချင်းကိုဆိုရာ မိန်းမတစ်ယောက်သည် ရှေ့သို့ တက်လာပြီးနောက် ဤသီချင်း၏နောက်ဆုံးပိုဒ်ကို ထပ်ဆိုရန် တောင်းပန်သတဲ့။ ဆရာကလည်း ပြန်ဆိုရပါ၏။

"*ငါတို့အလယ်၌ ကိုယ်တော်မြတ်သည် ယနေ့တွင်ပင် ရပ်နေတော်မူ၏။ ပညတ်တော်များကို မိန့်မြွက်တော်မူသည်သတည်း၊ သင်တို့ ခံယူမည်လော*"

ထိုမိန်းမသည် အိမ်သို့ပြန်လာပြီး နောက် တနင်္ဂနွေနေ့တွင် သူ၏ခင်ပွန်းကိုခေါ်လာလျက် နှစ်ခြင်းတောင်းရာ အုတ်ကလန် သင်းအုပ်သည် အံ့ဩလျက် ကျေးဇူးတော်ကို ချီးမွမ်းသတဲ့။ ဤသီချင်းဖြင့် နောင်တတရားကို တွေ့မြင်စေခဲ့ပါ၏... ဟုသက်သေခံလေသည်။

သားငယ်လေး ငယ်စဉ်က သူ့ကိုဂီတသမား ဖြစ်စေချင်သဖြင့် ပုသိမ်မှ အဘိုးမုန်တိုင်းထံမှာ စန္ဒယား၊ တယော သွားသင်စေပါသည်။ ကျောင်းပိတ်ရက်မှာ သူငယ်ချင်း နှင်းပွင့်ဖြူနှင့် နော်အယ်စူးလည်းသွားကြရာ ပထမ၌ စိတ်ပါသဖြင့် လိုက်သွားပါ၏။ တစ်လနှစ်လ ကြာလျှင် ပြန်လာကြသည်။ မိန်းကလေးများကတော့ အိုကေပါ၏။ တီးနိုင်ပါသည်။ သားကတော့ ဟိုမှာ ပျော်ပျော်နေခဲ့ပုံရသည်။ 'ကယ်တင်ပိုင်ရှင်ထံ' တစ်ပုဒ်ပဲရသည်။ ဘယ်လိုခိုင်းခိုင်း ဒီတစ်ပုဒ်ပဲတီးနိုင်၏။ အဘိုးမုန်တိုင်းက အတူတူသင်ပေးကာသူက မနာယူသဖြင့် တစ်ပုဒ် တည်းကိုတာဝန်ကျေသင်လာသဖြင့် သူ့ကိုဆူသောအခါ သူက... တော်ပြီလေ၊ ကယ်တင်ပိုင်ရှင်ထံ ချဉ်းကပ်ဖို့ရာ သိရင်ရပြီလို့ အဘိုးကပြောတယ်.. ဟုလှဲ့ချလေ၏။ ပြန်စဉ်းစားသောအခါ သူ့စကားမှန်ပါ၏။ ကယ်တင်ပိုင်ရှင်ထံ ချဉ်းကပ်ဖို့ရန် မသိသူများသိလျက်နှင့် မချဉ်းကပ်သူအများရှိပါ၏။ ဥပုသ်နေ့မှာပင်လျှင် ကိုယ်တော်ထံသို့ ဒုစရိုက်အပြစ်ကင်းရှင်းလျက် စိတ်နှလုံးသာယာ ရွှင်မြူးခြင်းနှင့် ချဉ်းကပ်ဖူးမျော်ခြင်း မပြုနိုင်လျှင် ဝမ်းနည်းစရာအကြောင်းဖြစ်လာမည်ကို သတိပြုကြပါစို့။

*မှတ်ချက်။ 'ဆိုး'၏ ညစဉ်ခွန်အားစာစောင်မှ ကောက်နုတ်တင်ပြထားပါသည်။*

